Digital Money Myanmar Ltd.
No.84, 7th Floor, Uni Team Marine Building,
Pann Hlaing Street, Sanchaung Township,
Yangon, Myanmar.
Tel: +951 860 5200, 860 5219
Fax: +951 860 5211

## သတင်းထုတ်ပြန်ချက်

## မြန်မာနိုင်ငံတွင် ပထမဆုံးမိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းလက်မှတ်ကို Wave Money တရားဝင်ရရှိ

- Wave Money သည် မိုင်ဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုဆိုင်ရာစည်းမျဉ်းအသစ်အရ ပထမဆုံး မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းလျှောက်တင်သောကုမ္ပဏီဖြစ်သည်။
- Wave Money မြန်မာနိုင်ငံရှိသန်းပေါင်းများစွာသော လူများအားငွေရေးကြေးရေးဝန်ဆောင်မှုကို လွယ်ကူစွာသုံးစွဲစေနိုင်ရန်ရည်ရွယ်သည်။
- Wave Money သည် မြန်မာနိုင်ငံရှိမိုဘိုင်းအော်ပရေတာများအကြား ပထမဆုံးမိုဘိုင်း ငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်းလက်မှတ်ကို ရရှိခဲ့သည်။




*(ဓာတ်ပုံ) Wave Money မှ အမှုဆောင်အရာရှိချုပ် Mr. Brad Jones မှ ပထမဆုံး မိုဘိုင်းငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်းမှတ်ပုံတင်လက်မှတ်အား မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဌ ဒေါ်ခင်စောဦးထံမှ အောက်တိုဘာ ၃ရက် (တနင်္လာနေ့) တွင် လက်ခံရယူစဉ်။*

WAVE MONEY

YOMA BANK The Responsible Bank. | telenor

Digital Money Myanmar Ltd.
No.84, 7th Floor, Uni Team Marine Building,
Pann Hlaing Street, Sanchaung Township,
Yangon, Myanmar.
Tel: +951 860 5200, 860 5219
Fax: +951 860 5211

**ရန်ကုန်၊ အောက်တိုဘာ ၃ရက်၊ ၂၀၁၆-** Wave Money သည် မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှု စည်းမျဉ်းစည်းကမ်းအသစ်အရ မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုတရားဝင်လက်မှတ်ကို ယနေ့ Central Bank မှ ရရှိခဲ့ကြောင်း ထုတ်ပြန်ကြေငြာပါသည်။

ဤစည်းမျဉ်းအသစ်သည် မိုဘိုင်းအော်ပရေတာများကို မိုဘိုင်းငွေရေးကြေးရေးဂန်ဆောင်မှုလုပ်ငန်းများ ပေးစွမ်းနိုင်ရန်ရည်ရွယ်ပြီး အဆိုပါလုပ်ငန်းသည် မြန်မာပြည်သူသန်းပေါင်းများစွာ၏ ငွေကြေးကိစ္စများ ကိုလည်း ဂင်ရောက်လုပ်ကိုင်ပေးနိုင်မည့် အလားအလာကောင်းများကိုပိုင်ဆိုင်ထားသောလုပ်ငန်းတစ်ခု ဖြစ်ပါသည်။ ယခုရရှိခဲ့သော တရားဝင်လက်မှတ်အရ Wave Money သည် Central Bank မှပေးအပ်သည့် non-banking financial institution (ဘဏ်မဟုတ်သောငွေကြေးဝန်ဆောင်မှုလုပ်ငန်း) တစ်ခု ရပ်တည်လာပြီဖြစ်သည်။

Wave Money သည် မိုဘိုင်းငွေကြေးလွှဲပြောင်းနိုင်သည့် ဝန်ဆောင်မှုတစ်ခုဖြစ်ပြီး တယ်လီနော၊ ပထမမြန်မာရင်းနှီးမြှုပ်နှံမှု (FMI) နှင့် ရိုးမဘဏ်တို့ပူးတွဲလုပ်ကိုင်နေသောကုမ္ပဏီဖြစ်သည်။ ဤသည်မှာ ကမ္ဘာ့ထိပ်တန်းဆက်သွယ်ရေးကုမ္ပဏီကြီး၏အတွေ့အကြုံနှင့် စွမ်းရည်များကို မြန်မာနိုင်ငံ၏ ကျွမ်းကျင်ပြီး ယုံကြည်စိတ်ချရဆုံးဘဏ်တစ်ခုနှင့် ပူးပေါင်းဖော်ဆောင်ခြင်း ဖြစ်ပါသည်။

"မြန်မာနိုင်ငံတော်ဗဟိုဘဏ်ရဲ့ယုံကြည်မှုကို ရရှိခဲ့ပြီး အသစ်ပြဌာန်းလိုက်တဲ့ မိုဘိုင်းငွေကြေးစည်းမျဉ်း အတိုင်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်မယ့် မြန်မာနိုင်ငံရဲ့ပထမဆုံးကုမ္ပဏီဖြစ်ရတဲ့အတွက် ကျွန်တော်တို့ ဂုဏ်ယူဝမ်းမြောက်မိပါတယ်။ ဒီစည်းမျဉ်းကြောင့် Wave Money ကို တယ်လီနော်ရဲ့ ဖြန့်ချိရေးကွန်ရက်တွေရဲ့စွမ်းအားကို အကောင်းဆုံးအသုံးပြုခွင့်ရရှိစေမှာဖြစ်ပြီး ပုံမှန်ငွေကြေးလုပ်ငန်း ကနေ ဘေးရောက်နေတဲ့ပြည်သူအများစုကို မိုဘိုင်းအကောင့်များဖြင့်ပံ့ပိုးပေးနိုင်တော့မှာ ဖြစ်ပါတယ်။ သုံးစွဲသူများအနေနဲ့ ဘဏ်အကောင့်မလိုဘဲ မြန်မာပြည်တစ်ဂှမ်း ငွေကြေးပေးပို့နိုင်တော့မှာ ဖြစ်ပါတယ်" ဟု Wave Money ၏ အမှုဆောင်အရာရှိချုပ် Brad Jones ကပြောသည်။

ဘဏ်အကောင့်နဲ့မရင်းနှီးသေးတဲ့ပြည်သူတွေကို မိုဘိုင်းငွေကြေး ဝန်ဆောင်မှုများပံ့ပိုးပေးခြင်းအားဖြင့် အာရှရဲ့မိုဘိုင်းငွေကြေးဈေးကွက်မှာ ထိပ်တန်းတစ်နေရာက ရပ်တည်နိုင်ဖို့ ကျွန်တော်တို့ ရည်မှန်းထားပါတယ်။ စည်းမျဉ်းအသစ်မှာ ပထမဆုံးမှတ်ပုံတင်ရရှိခဲ့ပြီး မြန်မာနိုင်ငံမှာ မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုကို လုပ်ဆောင်ပေးရတဲ့အတွက် အလွန်ကို ဂုဏ်ယူမိပါတယ်" ဟု Mr. Brad မှဖြည့်စွက်ပြောကြားသည်။

Digital Money Myanmar Ltd.
No.84, 7th Floor, Uni Team Marine Building,
Pann Hlaing Street, Sanchaung Township,
Yangon, Myanmar.
Tel: +951 860 5200, 860 5219
Fax: +951 860 5211

**Wave Money အကြောင်း**

Wave Money ၏ ရိုးရှင်းမြန်ဆန်ပြီးယုံကြည်စိတ်ချရသော ငွေလွှဲဝန်ဆောင်မှုများကို မိုဘိုင်းဖုန်းများအသုံးပြု၍ (သို့) နီးစပ်ရာကိုယ်စားလှယ်များထံသို့သွားရောက်၍ ဝန်ဆောင်မှုများရယူနိုင်ပါသည်။ Wave Money ၏ ကျယ်ပြန့်သောကွန်ယက်ချိတ်ဆက်မှုများကြောင့် မြန်မာနိုင်ငံ၏အရေးပါဆုံးသော မိုဘိုင်းငွေကြေးဝန်ဆောင်မှုလုပ်ငန်းအဖြစ် ရပ်တည်နိုင်မှာဖြစ်ပါသည်။ ထို့ပြင် Wave Money သည် ငွေချေးခြင်း၊ ငွေစုခြင်းအစရှိသည့် ဝန်ဆောင်မှုများကိုလည်း ချဲ့ထွင်သွားမှာဖြစ်ပြီး ငွေကြေးလွှဲပြောင်းပေးချေရာတွင် ကုန်ကျစရိတ်သက်သာအောင်နှင့် အဆင်ပြေလွယ်ကူအောင် ပံ့ပိုးပေးပါသည်။ Wave Money ဝန်ဆောင်မှုကိုကနဦးစတင်သည့်အခါ သုံးစွဲသူများအနေဖြင့် နည်းလမ်းနှစ်မျိုးဖြင့် ဝန်ဆောင်မှုကိုရယူနိုင်မည်ဖြစ်ပါသည်။ ငွေလွှဲလုပ်ငန်းစဉ်များကို Wave ဆိုင်များဖြစ်သော ကိုယ်စားလှယ်ပေါင်း ၄၀၀၀ မှတစ်ဆင့်ဖြစ်စေ၊ မိမိမိုဘိုင်းဖုန်းတွင်ဖွင့်ထားသော Wave အကောင့်မှတစ်ဆင့်ဖြစ်စေ ပြုလုပ်နိုင်ပါသည်။

- Wave Money နှင့်ပတ်သက်သောအသေးစိတ်အချက်အလက်များကိုသိလိုပါက Wave Money ၏ official Facebook page (https://www.facebook.com/WaveMoney) သို့မဟုတ် website (www.wavemoney.com.mm) တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**အဆင့်မြင့်ဆုံးဘဏ်လုပ်ငန်းဆိုင်ရာလုံခြုံရေးစနစ်များ**

သုံးစွဲသူအချက်အလက်များအကာအကွယ်ပေးနိုင်ရန်အတွက် Wave Money ၏ လုပ်ငန်းစဉ်များအားလုံးကိုဘဏ်လုံခြုံရေးစံသတ်မှတ်ချက်အတိုင်းအမြင့်ဆုံးဆောင်ရွက်ထားပြီး ခေတ်မီအဆင့်မြင့်ပြီးစွမ်းဆောင်ရည်မြင့်မားသောစနစ်များကို အသုံးပြုထားသည်။ Wave Money ၏ သုံးစွဲသူများအတွက် ဝန်ဆောင်မှုပေးသည့်ဌာန (customer service center) ကိုလည်း ၂၄နာရီ၊ ၇ ရက်ပတ်လုံး သုံးစွဲသူများ၏ မေးမြန်းအကြံပြုချက်များကို လိုအပ်သည့်အချိန်တိုင်းတွင် ဖြေကြားနိုင်ရန် ဖွင့်လှစ်ထားပါသည်။

-ပြီး -

**အသေးစိတ်မေးမြန်းလိုပါက ဆက်သွယ်ရန်-**

Ms. Khin Nu Yin Myint
Head of PR & Media
Wave Money
nuyin.myint@wavemoney.com.mm
(95) 9 79 100 9061

Mr. Soe Thant Sin
Public Relations Manager
Havas Riverorchid Media for Wave Money
soe.thantsin@havas-ro.com
(95) 9 975 171 578